## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း

## မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်(MSF) ၏ ဥက္ကဋ္ဌ

## ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၀

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း သည် မြန်မာနိုင်ငံ ပင်လယ်ကူး သင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ် (MSF) ၏ ဥက္ကဋ္ဌ ကပ္ပတိန် ဦးစိုးမင်းအောင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌရုံးခန်း၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားအလုပ်သမားများ၏ အခြေအနေများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး၊ လူမှုဖူလုံရေးအကျိုးခံစားခွင့်များနှင့်ရပိုင်ခွင့် အခွင့်အရေး များကို အကာအကွယ်ပေးရန်နှင့်စပ်လျဉ်းသည့်ကိစ္စရပ်များ၊ သင်္ဘောသားများ၏ လုပ်ငန်းခွင် အာမခံချက်နှင့် ဘဝနောင်ရေးစိတ်ချလုံခြုံမှုရှိစေရန် စီမံချက်များနှင့်စပ်လျဉ်းပြီး တင်ပြ ဆွေးနွေးကြရာ လွှတ်တော်အနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် နိုင်ရန်အတွက် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြသည်။